# CITILINK

# System Information – Back of the Map

## စီးတီးလင့်ခ် ဘတ်စ်ကားတွေနဲ့ ဖို့ဝိန်းမြို့အတွင်းဘယ်လိုသွားလာလို့ရသလဲ

### Timetables (ဘတ်စ်ကား အချိန်ဇယား)

အချိန်ဇယားတွေဟာ ဘတ်စ်ကားတွေပြေးဆွဲနေတဲ့ သီးခြားလိုင်းတွေအလိုက် အဓိကကျတဲ့မှတ်တိုင်တွေတစ်ခုချင်းဆီကို ဘတ်စ်ကား ရောက်မယ့်၊ ပြန်ထွက်မယ့် အနီးစပ်ဆုံးအချိန်တွေကို ခန့်မှန်းဖော်ပြထားတဲ့ အချိန်စာရင်းတွေပဲဖြစ်ပါတယ်။ အချိန်ဇယားတွေမှာ နေ့လယ် (၁၂) နာရီနောက်ပိုင်း အချိန်တွေကို စာလုံးအထူနဲ့ပုံနှိပ်ထားပါတယ်။ အမဲနုရောင် ပါးပါးလေးပေါ်မှာ ဖော်ပြထားတဲ့ အချိန်တွေမှာ အပတ်စဉ် စနေနေ့တိုင်းဘတ်စ်ကားတွေ ပြေးဆွဲမှာမဟုတ်ပါဘူး။ ကိုယ်စောင့်နေတဲ့မှတ်တိုင်ဆီကိုဘတ်စ်ကား ဘယ်အချိန်ရောက်မလဲဆိုတာ သိဖို့လိုပါတယ်။ ကိုယ်စောင့်နေတဲ့ မှတ်တိုင်နဲ့ အနီးဆုံးနေရာမှာရှိတဲ့အဓိကမှတ်တိုင်တို့ဟာ ဘယ်လောက် ကွာဝေးသလဲဆိုတာပေါ်မှာမူတည်ပြီး ဘတ်စ်ကားရောက်လာမယ့်အချိန်ကိုခန့်မှန်းရပါမယ်။ များသောအားဖြင့် မိုင် (၁) စိပ်ကို (၁) မိနစ် (တစ်မိုင်ကို လေး မိနစ်) နှုန်း ခန့်ကြာပါတယ်။ ကိုယ်သွားချင်တဲ့နေရာကို ဘယ်ဘတ်စ်ကားနံပါတ် စီးပြီးသွားရမလဲ၊ ဘယ်အချိန်မှာ ဘတ်စ်ကားကိုမီနိုင်သလဲ၊ ကိုယ်က ဘယ်နေရာမှာရောက်နေတယ်၊ ဘယ်နေရာကိုသွားချင်တယ်၊ အဲဒီနေရာကို ဘယ်အချိန်လောက်ရောက်ချင်တယ် စသဖြင့်စီးပုံစီးနည်းနဲ့ပတ်သက်ပြီး သိဖို့လိုတာတွေအားလုံးကို စီးတီးလင့်ခ် ပြန်ကြားရေးဌာန တယ်လီဖုန်းလိုင်းက ဖြေပေးပါလိမ့်မယ်။ ကားပြောင်းစီးပုံစီးနည်းအတွက် မြေပုံနဲ့အချိန်ဇယားတွေကို ကိုးကားဖို့အတွက် လိုချင်တယ်ဆိုရင်လည်း တောင်းယူနိုင်ပါတယ်။ အဲဒီဟာတွေကို ဘတ်စ်ကားပေါ်မှာပဲဖြစ်ဖြစ်၊ စီးတီးလင့်ခ်ရုံးခန်းမှာပဲဖြစ်ဖြစ်၊ www.fwcitilink.com ဝက်ဆိုက်ကို ဖွင့်ကြည့်ပြီးတောပဲဖြစ်ဖြစ် ရနိုင်ပါတယ်။

စီးတီးလင့်ခ် ပြန်ကြားရေးဌာန တယ်လီဖုန်းနံပါတ် ၂၆၀-၄၃၂- ၄၅၄၆ ကို

| | | |
|---|---|---|
| တနင်္လာနေ့ကနေ သောကြာနေ့အထိဆိုရင် | မနက် (၅) နာရီခွဲကနေ | ည(၉) နာရီအထိ |
| စနေ နေ့ ဆိုရင် | မနက် (၇) နာရီကနေ | ည(၇) နာရီအထိ |

ဖွင့်ထားတဲ့အတွက် ဆက်သွယ်ပြီးစုံစမ်းနိုင်ပါတယ်။

### Destination Signs (ပြေးဆွဲတဲ့ လမ်းကြောင်းကိုညွှန်ပြပေးနေတဲ့ဆိုင်းဘုတ်တွေ)

ဘတ်စ်ကားရဲ့ရှေ့မှန်ကြီးနဲ့ ညာဘက်ဘေးအရှေ့နားက ပြတင်းပေါက်အပေါ်မှာ အဲဒီဘတ်စ်ကားရဲ့နံပါတ်နဲ့ ပြေးဆွဲတဲ့ အဓိကလမ်းကြောင်း နေရာတွေ၊ ဂိတ်ဆုံးနေရာတွေကိုညွှန်ပြပေးနေတဲ့ ဆိုင်းဘုတ်တွေရှိပါတယ်။ ကိုယ်သွားချင်တဲ့ နေရာကို အဲဒီဘတ်စ်ကား ရောက်၊ မရောက် ဆိုတာကို သေသေချာချာသိဖို့အတွက် ဘတ်စ်ကားပေါ်မတက်ခင် အဲဒီဆိုင်းဘုတ်တွေကို အရင်ဆုံးဖတ်ကြည့်ပါ။ မရှင်းတာတွေ၊ သိချင်တာတွေ ရှိရင်ကားမောင်းသူကို မေးလို့ရပါတယ်။ သူက ကူညီပါလိမ့်မယ်။

### Boarding the Bus (ဘတ်စ်ကားပေါ်ကို ဘယ်လိုတက်ရမလဲ)

ကိုယ်နဲ့အနီးဆုံးမှတ်တိုင်မှာစောင့်နေပါ။ တကယ်လို့ကိုယ်စောင့်မယ့်နေရာနားမှာ မှတ်တိုင်ကလည်းမရှိဘူး၊ ပြီးတော့ အဲဒီနေရာဟာ ကားသွားကားလာမရှုပ်တဲ့ ဖြတ်ကူးလို့ရနိုင်မယ့်နေရာ ဖြစ်တယ်ဆိုရင်တော့ ကားရပ်ပေးဖို့ ကားမောင်းသူကို လက်လှမ်းပြလို့ရပါတယ်။ တကယ်လို့ အဲဒီအချိန်မှာ မှောင်နေတယ်ဆိုရင် ကားမောင်းသူမြင်အောင် ဆဲလ်ဖုန်းနဲ့ ဖြစ်ဖြစ်၊ လက်နှိပ်ဓါတ်မီးနဲ့ဖြစ်ဖြစ် အချက်ပြလိုက်ပါ။ ကားပေါ်က ဆင်းလာသူတွေအားလုံး ပြီးအောင်ဆင်းပြီးတဲ့အထိ စောင့်ပြီးမှ ရှေ့တံခါးပေါက်ကပဲ ကိုယ်က ကားပေါ်တက်ပါ။ (တက်တဲ့သူတွေများတဲ့အခါဆိုရင် တန်းစီပြီးမှတက်ပါ၊ သူများကိုကျော်ပြီးမတက်ပါနဲ့) ကားခအတိအကျကို လက်ထဲအဆင်သင့်ဆောင်ထားပြီးကားခပုံးထဲကိုထည့်ပါ။ ပိုပြီးထည့်မိရင် ပိုက်ဆံတော့ ပြန်အမ်းမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ပိုပြီးထည့်မိတဲ့အတွက် ကားပြောင်းစီးခွင့်လက်မှတ်ကို ကားခပုံးထဲကနေရပါလိမ့်မယ်။ အဲဒီလက်မှတ်မှာ ကားစီးခွင့် ကုန်ဆုံးချိန် သက်တမ်းမပါတဲ့အတွက် ဘယ်တော့ပဲဖြစ်ဖြစ်

သုံးလို့ရပါတယ်။ ကိုယ်ဆက်စီးမယ့်ကားမှာ အဲဒီကားပြောင်းစီးခွင့်လက်မှတ်ကို အသုံးပြုလို့ ရပါတယ်။ ကားရဲ့ ရှေ့ဆုံးက ခုံတန်းတွေနဲ့ နေရာတွေကိုတော့ အသက်အရွယ်ကြီးသူတွေနဲ့ ကိုယ်လက်အင်္ဂါမသန်စွမ်းသူတွေသာ ထိုင်ဖို့၊ ဘီးတပ် ကုလားထိုင်နဲ့ သွားလာနေရတဲ့သူတို့ကို နေရာချထားပေးဖို့သတ်မှတ်ထားပါတယ်။ တကယ်လို့ခုံတွေအားလုံးမှာ ထိုင်သူတွေပြည့်နေတယ်ဆိုရင်တော့ ဘတ်စ်ကားရဲ့နောက်နားမှာရပ်ပြီး စီးပေးကြစေလိုပါတယ်။ ကားရဲ့အရှေ့ပိုင်း အဝါမျဉ်းနဲ့သတ်မှတ်ထားတဲ့ ခြေနင်းကြမ်းခင်းဧရိယာအတွင်းမှာ ကားမောင်းနေတုန်း ဘယ်ခရီးသည်မှ ရပ်ပိုင်ခွင့်မရှိပါဘူး။ အဲဒီလိုလုပ်ပေးတဲ့အတွက်တခြားခရီးသည်တွေကိုလည်း အဆင်ပြေစေသလို ခရီးသည်အားလုံးအတွက်လည်း မြန်မြန် ဆန်ဆန် ခရီးတွင်စေမှာ ဖြစ်ပါတယ်။ ကားမောင်းသူက ဘာပစ္စည်းကိုမှုပိုင်းပြီးသယ်ပေးမှာမဟုတ်ပါဘူး။

## How To Load Your Bike (စက်ဘီးပါလာရင် ဘယ်လိုအတင်အချလုပ်မလဲ)

ကားမောင်းသူကို ပြောပြီးဘတ်စ်ကားရှေ့မှာတပ်ထားတဲ့ စက်ဘီးစင်ပေါ်မှာ စက်ဘီးကို ကိုယ့်ဟာကိုယ် အတင်အချ လုပ်ပြီး ကိုယ့်ရဲ့ ခရီးစဉ်တလျှောက် သယ်ခွင့်ရှိပါတယ်။ ကားထဲမှာတော့ ဘယ်ခွင့်မရှိပါဘူး။ စက်ဘီးစင်ပေါ်မှာ နိုင်ခန့်အောင် ဘယ်လိုတုပ်နှောင်ရမလဲဆိုတာ ဖော်ပြထားတဲ့ သီးခြားလက်ကမ်းစာစောင်ရှိပါတယ်။ စက်ဘီး (၁) စင်းတင်ခကတော့ (၁) ဒေါ်လာဖြစ်ပါတယ်။

## On Board Courtesy (ယဉ်ကျေးသိမ်မွေ့စွာ စီးနင်းလိုက်ပါမှုပြုကြဖို့)

ဘတ်စ်ကားပေါ်မှာ အခြားခရီးသည်တွေကို အနှောင့်အယှက်မဖြစ်စေဖို့၊ သိမ်သိမ်မွေ့မွေ့စီးနင်းပြီး စည်းကမ်းအနည်းငယ် လိုက်နာဖို့လိုပါတယ်။ ကားပေါ်မှာ ဆေးလိပ်သောက်ခွင့်ကတော့ ဥပဒေအရကိုပဲ လုံးဝမရှိပါဘူး။ ကွမ်းတို့ဆေးရွက်တို့ စားတာမျိုးတာ၊ တံတွေးထွေးတာလုံးဝ မလုပ်ရပါဘူး။ တခြားဟာတွေ စားသောက်တာလည်း လုံးဝလုပ်ခွင့်မရှိပါဘူး။ ရေဒီယို ကက်ဆက် စတာတွေနားထောင်ချင်ရင် နားကြပ်နဲ့သာ နားထောင်ခွင့်ရှိပါတယ်။ ခုံတန်းတွေနှစ်ဘက်ကြားက လျှောက်လမ်းလေး ရှုပ်မနေစေဖို့ ကလေးတွန်းလှည်း စတာတွေကို ခေါက်ပြီး ကိုယ့်ရဲ့လက်မှာ ထိန်းသိမ်းထားရပါမယ်။ ကလေးတွေကို ခုံပေါ်မှာ ဒါမှမဟုတ် လူကြီးတွေပေါ်မှာ ထိုင်နိုင်းထားစေရမယ်။ အသက်အရွယ်ကြီးသူတွေ မသန်စွမ်းသူတွေ ကားပေါ်တက်လာတဲ့အခါမှာ ထိုင်ခုံတွေပြည့်နေရင် သူတို့အတွက် စေတနာ မေတ္တာထားပြီး သူတို့ထိုင်ဖို့ အတွက် ကိုယ်ထိုင်နေတဲ့ခုံကို ဖယ်ပေးသင့်ပါတယ်။ အခြားခရီးသည်တွေကို ရိုင်းစိုင်းစော်ကားတဲ့ အပြုအမူနဲ့ ရှန့်ရင်း ကြမ်းတမ်းစွာပြောဆိုဆက်ဆံတာမျိုး လုံးဝ လုပ်ခွင့်မရှိပါဘူး။ လက်သပ်မွေးထားပြီး ယဉ်ပါးအောင်လေ့ကျင့်ပေးထားတဲ့ အိမ်မွေးတိရိစ္ဆာန်ငယ်တွေကိုလှောင်အိမ်ထဲထည့်ပြီးမှသာ ကားပေါ်သယ်ခွင့်ရှိပါတယ်။ ဘယ်လိုလက်နက်ပဲဖြစ်ဖြစ်၊ ဓါတ်ဆီ၊ ဂက်စ်စတဲ့ လောင်စာအိုးတွေနဲ့ကားဘက်ထရီပဲ ဖြစ်ဖြစ် ကားပေါ်သယ်ခွင့် လုံးဝ မရှိပါဘူး။ ကားတံခါးကို လုံးဝ မမှီရပါဘူး။

## Getting Off The Bus (ဘစ်ကားပေါ်ကနေ ဘယ်လို ဆင်းရမလဲ)

ကိုယ်ဆင်းမယ့် မှတ်တိုင်နဲ့ ဘတ်စ်ကားနီးလာတဲ့အခါ ပြတင်းပေါက်တွေ အပေါ်မှာရှိတဲ့ ကြိုးကိုဆွဲပြီးတော့ပဲဖြစ်ဖြစ် ပြတင်းပေါက်တွေတစ်ခုနဲ့တစ်ခုကြား ဒါမှမဟုတ် ပြတင်းပေါက်တွေအပေါ်မှာရှိတဲ့ ပလပ်စတစ်ခလုတ် အကွက်ကလေး ကိုနှိပ်ပြီးတော့ပဲဖြစ်ဖြစ် ကားရပ်ပေးဖို့ ကားမောင်းသူကို အချက်ပြပါ။ Stop Requested ဆိုတဲ့ စာတန်းပေါ်လာပြီး အသံမြည်လာပါလိမ့်မယ်။ ကိုယ်ထိုင်နေတဲ့ခုံမှာပဲ ဘတ်စ်ကား လုံးဝရပ်တဲ့အထိ ဆက်ပြီးထိုင်နေပေးပါဦး။ ပြီးတော့မှ ကားမောင်းသူဖွင့်ပေးမယ့် တံခါးပေါက်ပေါ်မှာရှိတဲ့မီးလုံးလေးလင်းလာတော့မှ တံခါးလက်ကိုင်ကို တွန်းဖွင့်ပြီး ဆင်းပါ။ ဘတ်စ်ကားရဲ့ရှေ့ကနေ ဘယ်တော့မှ လမ်းဖြတ်မကူးပါနဲ့။ မှတ်တိုင်ကနေ ကားပြန်ထွက်သွားတဲ့အထိ ကားနောက် ကနေပဲ စောင့်ပြီးမှလမ်းဖြတ်ကူးပါ။

## No Transfers ( ဘတ်စ်ကားထပ်ပြီးစီးခွင့်ရှိတဲ့လက်မှတ် မပေးတော့ပါ)

ဘတ်စ်ကားတစ်စင်းကနေ နောက်ထပ်ဘတ်စ်ကားတွေ ထပ်ပြီးစီးခွင့်ရှိတဲ့ လက်မှတ်ကို စီးတီးလင့်ခ်က အရင်ကလို မပေးတော့ပါဘူး။ ဘယ်နှစ်ကြိမ် စီးစီး ကန့်သတ်ချက်မရှိဘဲ ဘယ်ဘတ်စ်ကားလိုင်းကိုပဲဖြစ်ဖြစ် တစ်နေကုန် စီးခွင့်ရှိတဲ့ All Day Pass ကားလက်မှတ်ကို ဝယ်ကြဖို့အတွက် စီးတီးလင့်ခ်အနေနဲ့ ခရီးသည်တွေကအဲဒို ကြံပြုတိုက်တွန်းပါတယ်။ အဲဒီကားလက်မှတ်ကို ဘတ်စ်ကားရဲ့အရှေ့ကားမောင်းသူရဲ့ဘေးမှာ ရှိတဲ့ကားခပုံးထဲကတဆင့် ဝယ်လို့ရပါတယ်။ ကားခပုံးထဲကို အဲဒီလက်မှတ်အတွက် ပိုက်ဆံမထည့်ခင် ကားမောင်းသူကို All Day Pass လို့ကြိုပြီးပြောရပါမယ်။ အဲဒီလက်မှတ်၊ အထူးလျော့ဈေးလက်မှတ်နဲ့ တစ်လစာ စီးခွင့်လက်မှတ်တွေကို စီးတီးလင့်ခ် ရုံးခန်း၊ Scott's Stores, Kroger Stores, Urban League, Third World Store, Centro Dinero, ပြည်သူ့အကျိုးပြုလုပ်ငန်းရုံးတွေ အပါအဝင်ဖြစ်တဲ့ စီးတီးလင့်ခ် ဘတ်စ်ကားလက်မှတ်ရောင်းခွင့်ရှိတဲ့ အခြားနေရာတွေမှာ ဝယ်ယူလို့ရပါတယ်။

## Lost And Found (ကားပေါ်မှာ ပစ္စည်းကျန်ခဲ့ ပျောက်ခဲ့တာ၊ တွေ့တာတွေရှိရင်)

ဘတ်စ်ကားပေါ်မှာ ကိုယ့်ရဲ့ပစ္စည်း ကျန်ခဲ့ပျောက်ခဲ့ရင်ပဲဖြစ်ဖြစ်၊ အခြားခရီးသည်တွေရဲ့ပစ္စည်းကျန်ခဲ့တာကို ကိုယ်ကတွေ့ရင်ပဲဖြစ်ဖြစ် စီးတီးလင့်ခ် *ပြန်ကြားရေးဌာန တယ်လီဖုန်းလိုင်းနံပါတ် (၂၆၀) ၄၃၂-၄၅၄၆ ကို အောက်ပါအချိန်တွေမှာ ဆက်သွယ်ပြီး အကြောင်းကြားပေးစေလိုပါတယ်။*

*တနင်္လာနေ့ ကနေ သောကြာနေ့ အထိဆိုရင် မနက် (၇) နာရီကနေ ညနေ(၆) နာရီအထိ၊*

*စနေနေ့ ဆိုရင် မနက် (၈)နာရီကနေ ညနေ(၅) နာရီအထိ၊*

## Buses Equipped For Persons With Disabilities (မသန်မစွမ်းတဲ့သူတွေအတွက်ဘတ်စ်ကားတိုင်းမှာ တပ်ထားတဲ့ ကိရိယာတွေ)

မသန်မစွမ်းတဲ့သူတွေအတွက် အတက်အဆင်းလုပ်တဲ့အခါမှာ သူတို့ကိုကူညီဖို့အတွက် ဘီးတပ်ကုလားထိုင်ကို တင်ချပေးတဲ့လှေကား၊ ကုန်းဘောင်နဲ့အခြားလိုအပ်တဲ့ ကိရိယာတွေကို ဘတ်စ်ကားတိုင်းမှာတပ်ထားပါတယ်။ အဲဒီကိရိယာတွေသုံးပြီး ဘယ်ခရီးသည်တွေကို ကူညီဖို့လိုနေတယ်ဆိုတာကိုတော့ ကားမောင်းသူက အမြဲသိနိုင်မှာမဟုတ်တဲ့အတွက် သုံးပေးဖို့လိုအပ်တဲ့ခရီးသည်တွေက ကားမောင်းသူကို မေတ္တာရပ်ခံရင် ကားမောင်းသူက ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ တကယ်လို့အဲဒီကိရိယာတွေဟာ မသန်မစွမ်းသူတချို့ရဲ့ အတက်အဆင်းအတွက် အသုံးမတဲ့ ဘူးဆိုရင် သူတို့ရဲ့ သွားရေးလာရေးအဆင်ပြေစေဖို့အတွက် နောက်ထပ်နည်းလမ်းတစ်ခုကို စီးတီးလင့်ခ်ရဲ့မူအဖြစ် စီစဉ်ချမှတ်ထားပါတယ်။ အဲဒီအစီအစဉ်ကတော့ Disability တွေရဲ့ အတက်အဆင်းကို ပြုလုပ်ပေးဖို့ အထူး Lift (လျှောလေခါး) တပ်ထားတဲ့ကားကို သူတို့ဆီ မိနစ် (၃၀) အတွင်းရောက်အောင်လွှတ်ပေးမယ့် အစီအစဉ်ပဲဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတွက် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာကို (လိုအပ်ချက်နဲ့အညီ အထူး Lift တပ်ထားတာ မဟုတ်တဲ့) သာမန်ဘတ်စ်ကားမောင်းသူထံမှာ စုံစမ်းမေးမြန်းပြီးဆောင်ရွက်လို့ရပါတယ်။

## Special Services (အထူးလုပ်ဆောင်ပေးတာတွေ)

Disability ပုဂ္ဂိုလ်တွေအတွက် အထူးလုပ်ဆောင်ပေးတာတွေလည်း ရှိပါတယ်။ ဘတ်စ်ကားစီးတာနဲ့ပတ်သက်ပြီး သိဖို့လိုအပ်တဲ့ စာလုံးကြီးနဲ့ ပုံနှိပ်ထားတဲ့ အချိန်ဇယားတွေ၊ မျက်မမြင်စာတွေ၊ အော်ဒီယို စီဒီခွေတွေကို မေတ္တာရပ်ခံပြီး တောင်းယူနိုင်ပါတယ်။ ဒ့ါအပြင် စီးတီးလင့်ခ်ဝက်ဆိုက် www.fwcitilink.com ရဲ့သတင်းအချက်အလက်တွေဟာ အဓိကကျတဲ့ အချက်အလက်တွေကို ဖတ်တဲ့သူတွေအတွက်စီးတီးလင့်ခ်နဲ့ပတ်သက်ပြီး လွယ်ကူစေမယ့်၊ လက်လှမ်းမှီစေမယ့် အစီအစဉ်တရပ်ပဲဖြစ်ပါတယ်။ ကားပေါ်တက်တဲ့အခါ ပိုပြီးလွယ်ကူစေဖို့ ကားရဲ့ရှေ့ပိုင်းအဆုံးနားကို နိမ့်သွားစေတဲ့ Kneeler လို့ခေါ်တဲ့ ကိရိယာတမျိုးကို ဘတ်စ်ကားတော်တော်များများမှာ တပ်ထားပါတယ်။ ကားပေါ်တက်တဲ့အခါ လွယ်ကူစေဖို့အတွက် အဲဒီကိရိယာကို အသုံးပြုပေးဖို့ ကားမောင်းသူကို အကူအညီတောင်းလို့ ရပါတယ်။

## Citilink Access (စီးတီးလင့်ခ် အဆက်စ်အထူးပို့ ဆောင်ရေးလုပ်ငန်း)

ကိုယ်ခန္ဓာ မသန်စွမ်းတဲ့အတွက် ပုံမှန်ပြေးဆွဲနေကျ ဘတ်စ်ကားတွေကို မစီးနိုင်တဲ့ Disability ခရီးသည်တွေအတွက် **စီးတီးလင့်ခ် အဆက်စ် (Citilink Access)** လို့ နာမယ်ပေးထားတဲ့ အထူးပို့ဆောင်ရေးလုပ်ငန်းလည်း ရှိပါတယ်။ ဖို့ဝိန်းမြို့အတွင်း ပုံမှန်ပြေးဆွဲနေကျ နေရာတွေ အနက် သွားလိုတဲ့နေရာဆီကို ဘီးတပ်ကုလားထိုင်ကိုတင်ပေးနိုင်မယ့် Lift တပ်ထားတဲ့ ဘတ်စ်ကားငယ် ဒါမှမဟုတ် ဗင်န် Van တွေနဲ့ပို့ပေးပြီး ပြန်ကြိုပေးနိုင်အောင် ဘယ်လိုစီစဉ်ရမလဲ ဆိုတာသိဖို့ဖုန်း နံပါတ် (၂၆၀)၄၃၂-၄၅၄၆ ကိုဆက်ပြီး မေးမြန်းစုံစမ်းနိုင်ပါတယ်။ ကျောင်း၊ အလုပ်၊ ဆေးရုံဆေးခန်းတွေဆီသွားဖို့၊ ဈေးဝယ်ဖို့၊ မိတ်ဆွေတွေဆီသွားလည်ဖို့စတာတွေအတွက် ပို့ဆောင်ပေးပါတယ်။ ဘယ်ကိစ္စအတွက်ပဲ ပို့ပေးကြိုပေးမယ်၊ ဘယ်နှစ်ကြိမ်ပဲ စီးခွင့်ရှိမယ်ဆိုတဲ့ ကန့်သတ်ချက်မရှိပါဘူး။ အဲဒီကားကို သတ်မှတ်ထားတဲ့ အရည်အချင်းပြည့်မီသူတွေသာ အသုံးပြုခွင့်ရှိပြီး စိတ်ဝင်စားရင် ဖေါင်ဖြည့်ပြီး မှတ်ပုံတင်ရပါမယ်။ အဲဒီဖေါင်ကို စီးတီးလင့်ခ် ပြန်ကြားရေးဌာနမှာ ရယူနိုင်ပါတယ်။ အဲဒီကားတွေနဲ့ ပို့ပေးကြိုပေးတာကို

| | | |
|---|---|---|
| တနင်္လာနေ့ ကနေ သောကြာနေ့ အထိဆိုရင် | *မနက် (၅:၄၅) ကနေ* | *ည (၉:၃၀) အထိ၊* |
| စနေနေ့ ဆိုရင် | *မနက် (၇:၄၅) ကနေ* | *ညနေ (၆:၁၅) အထိ* |

ဆောင်ရွက်ပေးပါတယ်။

*ကားစီးမယ့်အချိန်* သေချာစေဖို့ အတွက် တစ်ရက်ကြိုတင်ပြီး ညနေ(၅) နာရီမှာ အပေါ်က ဖုန်းနံပတ်ကိုဆက်ပြီး ကြိုတင် အကြောင်းကြားထားရပါမယ်။ အသွား ဒါမှမဟုတ် အပြန်လမ်းကြောင်း တခုစီအတွက် ကားခ ကတော့ (၁) ယောက်စီ အတွက် (၂) ဒေါ်လာနှုန်းပေးရမှာဖြစ်ပြီး Disability ခရီးသည်ကို စောင့်ရှောက်သူအဖြစ် လိုက်ပါသူအတွက်တော့ ပေးစရာမလိုပါဘူး။

## Complaints And Compliments (တိုင်တန်းချင်တာနဲ့ ချီးမွမ်းချင်တာတွေရှိရင်)

ဘတ်စ်ကားစီးတဲ့ ကိစ္စနဲ့ပတ်သက်ပြီး မကျေနပ်တာ၊ တိုင်ချင်တန်းချင်တာ၊ ချီးမွမ်းချင်တာ၊ ဆန္ဒပြုချင်တာ စတာတွေရှိရင် အပေါ်မှာရေးထားတဲ့ ဖုံးနံပါတ်ကိုဆက်ပြီး အကြောင်းကြားလို့ရပါတယ်။ အကြောင်းကြားမှုအတွက် အကျိုးသက်ရောက်မှုတွေ ရှိလာအောင်စီစဉ်ပေးပါမယ်။

## Fare Information (*ကားခတွေကဘယ်လောက်လဲ*)

ကားခတွေက အပြောင်းအလဲရှိနိုင်ပါတယ်။ ပုံမှန်ကားခအတွက် ကားပြောင်းစီးခွင့်လက်မှတ်ကိုတော့ အရင်လို ထုတ်မပေးတော့ပါဘူး။

**ပုံမှန်ကားခနှုန်း**

| | |
|---|---|
| လူကြီး (တစ်စင်းကို တစ်ခါပဲ စီးနင်းခွင့်- လက်မှတ်မပေးပါ) | (၁) ဒေါ်လာနဲ့ (၂၅) ဆင့်နှ် |
| လူကြီး (တစ်နေကုန် ဘယ်နှစ်ကြိမ် ဘယ်နှစ်စင်းပဲ စီးစီး စီးနင်းခွင့်လက်မှတ်) | (၃) ဒေါ်လာ |
| လူကြီး (တစ်လလုံးစီးနင်းခွင့် လက်မှတ်) | (၄၅) ဒေါ်လာ |

**အထူးလျှော့ဈေးကားခနှုန်း**

*အသက် (၆၀) နှင့် အထက် လူကြီးတွေနဲ့ Disability တွေအတွက်*

| | |
|---|---|
| (၁)စင်းကို (၁) ကြိမ်ပဲ စီးနင်းခွင့် (လက်မှတ်မပေးပါ) | (၆၀) ဆင့်နှ် |
| (၁) နေကုန် ဘယ်နှစ်ကြိမ် ဘယ်နှစ်စင်းပဲစီးစီး စီးနင်းခွင့်လက်မှတ် | (၁) ဒေါ်လာ(၂၅) ဆင့်နှ် |
| (၁) စင်း တစ်ကြိမ်နှုန်းနဲ့ (၁၀) ကြိမ်စီးနင်းခွင့် လက်မှတ် | (၆) ဒေါ်လာ |
| (၁) လလုံးစီးနင်းခွင့်လက်မှတ် | (၂၂) ဒေါ်လာ |

*(၅) နှစ်ကနေ (၁၈) နှစ်အရွယ် ကလေးလူငယ်တွေအတွက်*

| | |
|---|---|
| (၁) နေကုန် (၁) စင်းကို (၁) ခါပဲစီးနင်းခွင့် (လက်မှတ်မပေးပါ) | (၆၀) ဆင့်န် |
| (၁) နေကုန်ဘယ်နှစ်ကြိမ် ဘယ်နှစ်စင်းပဲစီးစီး စီးနင်းခွင့်လက်မှတ် | (၁) ဒေါ်လာ(၅၀) ဆင်န့် |
| (၁) စင်း တစ်ကြိမ်နှုန်းနဲ့ (၁၀) ကြိမ်စီးနင်းခွင့် လက်မှတ် | (၆) ဒေါ်လာ |
| (၁) နွေရာသီလုံးစီးနင်းခွင့်လက်မှတ် | (၂၂) ဒေါ်လာ |
| လူငယ်အပျော်ခရီး စီးနင်းခွင့်လက်မှတ် | (၂၅) ဒေါ်လာ |
| (၅) နှစ်အောက်ကလေးငယ်များ | အခမဲ့ |

အထူးလျှော့ဈေးကားခနှုန်းနဲ့ စီးနင်းခွင့်ကိုတော့ (၅) နှစ်နဲ့(၁၈) နှစ်အကြား ကလေးလူငယ်တွေ၊ Disability ပုဂ္ဂိုလ်တွေ၊ အသက် (၆၀) နဲ့အထက် လူကြီးတွေ၊ ဆေးဝါးနဲ့ကျန်းမာရေးအတွက် အမေရိကန်အစိုးရရဲ့ ထောက်ပံ့ရေးစရိတ် ခံစားခွင့်လက်မှတ် (Medicare Card) ကိုင်ဆောင်ထားသူ သက်ကြီးရွယ်အိုတွေသာ ရပါမယ်။ (Medicaid Card ကိုင်ဆောင်ထားသူများ အကျုံးမဝင်ပါ) အထူးလျှော့ဈေးကားခနှုန်းအတွက် စီးတီးလင့်ခ် အိုင်ဒီကတ်ပြားကို စီးတီးလင့်ခ်ရုံးမှာ လိုအပ်တဲ့ အထောက်အထား စာရွက်စာတန်းတွေ ပြသပြီး(၂) ဒေါ်လာပေးဆောင်ကာ ရယူနိုင်ပါတယ်။ အဲဒီကတ်ရဲ့ သက်တမ်းကတော့ ထုတ်ပေးတဲ့နေ့ကစပြီး (၂) နှစ်ဖြစ်ပါတယ်။ ကားမောင်းသူကို အဲဒီကတ်ပြား ဒါမှမဟုတ် ကျောင်းသားကတ် မပြနိုင်ရင် ဘတ်စ်ကားစီးနေကျ ဘယ်သူပဲဖြစ်ဖြစ် ပုံမှန်ကားခနှုန်းကိုပေးရမှာဖြစ်ပါတယ်။ ကားခပုံးထဲကနေ ပြန်အမ်းငွေထုတ်ပေးမှာ မဟုတ်တဲ့အတွက် ကားခအတိအကျကိုပဲ ထည့်ဖို့တိုက်တွန်းပါတယ်။ ကားမောင်းသူဟာ ကားခကို သူ့လက်နဲ့ ယူမှာ မဟုတ်သလို ပြန်အမ်းငွေကိုလည်း ထုတ်ပေးမှာမဟုတ်ပါဘူး။

**အောက်ပါရက်တွေမှာ စီးတီးလင့်ခ်ဘတ်စ်ကားတွေ မပြေးဆွဲပါဘူး။**

အပတ်စဉ်တနင်္ဂနွေ နေ့တိုင်း

| | |
|---|---|
| နှစ်သစ်ကူးနေ့ | (ဇန်နဝါရီလ ၁- ရက်နေ့ ) |
| အောက်မေ့ဖွယ်နေ့ | (မေလ ၂၆-ရက်နေ့ ) |
| လွတ်လပ်ရေးနေ့ | (ဇူလိုင်လ ၄-ရက်နေ့ ) |
| အမေရိကန်အလုပ်သမားနေ့ | (စက်တင်ဘာလ ၁- ရက်နေ့ ) |
| ကျေးဇူးတော်တင်ရှိခြင်းမင်္ဂလာနေ့ | (နိုဝင်ဘာလ ၂၇-ရက်နေ့ ) |
| ခရစ္စမတ်နေ့ | (ဒီဇင်ဘာလ ၂၅-ရက်နေ့ ) |

*(မှတ်ချက်) စနေနေ့ ဆိုရင် မနက် (၇) နာရီခွဲခန့်ကနေ ည (၈) နာရီ ဝန်းကျင်အထိသာ ပြေးဆွဲပါတယ်။*

Citilink Office (စီးတီးလင့်ခ် ရုံးခန်း)
*801, Leeburg Road,*
*Fort Wayne, IN 46808*
*(အမှတ် ၉ ဘတ်စ်ကားလိုင်းရဲ့ စိန့်ဖရန့်စစ် မှတ်တိုင်အနီး)*
*ဖုန်းနံပတ် (၂၆၀) ၄၃၂-၄၅၄၆*
*နားလေးသူများအတွက် TDD ဖုန်းနံပါတ် (၂၆၀) ၄၃၂-၉၀၅၁*